# Monitoring အားကောင်းပြီး performance သိပ်မကောင်းတဲ့ DIR-605L Cloud Router




Wi-Fi Router တစ်လုံးလိုလုပ်ဆောင်ချက်မျိုးဖြစ်တဲ့ ဒေါ်လာ ၄၀ တန် D-Link Cloud Router (DIR-605L) ဟာ ထိပ်တန်းအဆင့်လုပ်ဆောင်ချက်တွေ မပါဝင်ပါဘူး။ သူ့မှာ 802.11n certification အတွက် လိုအပ်တဲ့ အခြေခံ 2x2 Antennaarray ပါရှိပြီး LAN port တွေဟာ 10/100 (gigabit မဟုတ်) ethernet ပဲ ရရှိနိုင်ပါတယ်၊ သူ့ရဲ့အလွယ်တကူအသုံးပြုနိုင်တဲ့ remote access လုပ်ဆောင်ချက်က network activity တွေကို အနီးကပ်စောင့်ကြည့်နိုင်စေပါတယ်။

Browser အခြေခံထားတဲ့ setup interface ဟာ advanced option တွေ ကွယ်ဝှက်ထားသလိုဖြစ်နေတာကြောင့် အစမှစတင်အသုံးပြုသူတွေအတွက် အခက်တွေ့နိုင်ပြီး အတွေ့အကြုံရှိသူအနေနဲ့တော့ manual setup ရေလုတ်ကို ကနေတစ်ဆင့် ရယူနိုင်ကြောင်း သိပြီးသားဖြစ်နေမှာပါ။

Remote access လုပ်ဆောင်ချက်အသုံးပြုဖို့ ပထမဦးဆုံး Mydlink ဝန်ဆောင်မှုနဲ့ ပြုလုပ်ရပါမယ်။ အဲဒီနောက် ကိုယ်ဟာ အခမဲ့ရှိတဲ့ Android နဲ့ iOS software အမျိုးစား Mydlink lite ကတစ်ဆင့် remote access ခွင့်ပြုထားနိုင်အောင် router တွင် setup ပြုလုပ်ရပါမယ်။ Software ကို နောက်ပြီး log in ပြုလုပ်လိုက်တဲ့အခါ network performance၊ connected device တွေနဲ့ web browsing history စတဲ့ report တွေကို မြင်တွေ့နိုင်ပါတယ်၊

အဝေးတစ်နေရာကနေ router ကို reboot ပြုလုပ်နိုင်သလို၊ ကွန်ယက်ကနေလည်း disconnect ပြုလုပ် ထားနိုင်ပါတယ်။

Router ရဲ့ internal clock ကို setup ပြုလုပ်ချိန်အတွင်း ချိန်ညှိ မထားခဲ့ရင် browsing history ရဲ့ dateand time stamp ဟာ ဝိတ်မိနေပြီး November 2011 အဖြစ် ဆက်ပြပေးနေပါလိမ့်မယ်။

တခြားပြဿနာအနေနဲ့ကတော့ ချိတ်ဆက်ထားတဲ့ပစ္စည်းတွေအားလုံးကို Mydlink Lite ဟာ အမြဲတမ်း ပြသမပေးနိုင်ခဲ့ပါဘူး။ D-Link ကတော့ ဒီလို မှုမှန်တာကို စစ်ဆေးနေပါတယ်။ ■

# လုပ်ဆောင်ချက်ညံ့တဲ့ OpticAl SmArt Hub:




ဒီ Samsung optical smart hub (ဒေါ်လာ ၁၃၀) ဟာ mobile CD နဲ့ DVD အသုံးပြုဖို့အတွက် စိတ်ဝင်စားတဲ့ ကောင်းတဲ့ အရာတစ်ခုဖြစ်ပါတယ်။ PC တစ်လုံးမှာ ချိတ်ထားမယ်ဆိုရင် DVD burner တစ်ခု ဖြစ်ပြီး ချိတ်ဆက်မထားဘူးဆိုရင်တော့ သူ့ကိုယ်ပိုင် Wi-Fi ကွန်ယက်နဲ့ DLNA-certified media streaming hub တစ်ခုအဖြစ် လုပ်ဆောင်ပေးပါတယ်၊

MobileHub client ဆော့ဝဲလ်ဟာ iOS (4.3 ဒါမှမဟုတ် ပိုပြီး ကောင်းတဲ့) နဲ့ Android တို့အတွက် ရရှိနိုင်ပါတယ်။ Third-gen iPad တစ်လုံးမှာ Optical smart hub နဲ့ချိတ်ဆက်ပြီး သူ့ထဲက CD နဲ့ DVD ပေါ်က အချက်အလက်တွေအပြင် သူနဲ့ ချိတ်ဆက်ထားတဲ့ USB drives ပေါ်က အချက်အလက်တွေကိုလည်း ကြည့်ရှုနိုင်ခဲ့ပါတယ်။ Android ပေါ်မှာတော့ ပြောထားတဲ့အတိုင်း အလုပ်လုပ်ဆသမယ့် ပထမအကြိမ်မှာ စောင့်ရပါတယ်။ PC နဲ့ Mac နှစ်ခုစလုံးမှာဆိုရင်တော့ ဒီ Optical smart hub ဟာ DLNA client တစ်ခုအဖြစ် ဘယ် software နဲ့မဆို playback လုပ်ဆောင်နိုင်ပါတယ်။ ဒီပစ္စည်းဟာ သီချင်းနဲ့ video access ပြုလုပ်တဲ့အခါ Windows Media payer နဲ့ စတင်ပါတယ်။ ■

Novice